# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၅၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက် ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦးရှိတဲ့အနက် ၃၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁၀ ရက်၊

(၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

(၃) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၃ ရက်၊

(၅) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၃ ရက်၊

(၆) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၇) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၈) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၉) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၃ ရက်၊

(၁၀) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၁၁) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်နှင့်

(၁၃) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၁ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရန်အတွက် စီမံဆောင်ရွက်ရာတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် လုံခြုံရေးထပ်မံတိုးချဲ့ရန်၊ တရားမဝင်တင်သွင်းလာသည့် အစားအစာများ၊ ဆေးဝါးများ သုံးစွဲခြင်းမပြုရန်နှင့် ကျန်းမာရေးအသိပညာပေးခြင်းကို ဦးစားပေးဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ Mobile Team အဖွဲ့များဖြင့် တရားမဝင်ကုန်သွယ်မှု ထိရောက်ဟန့်တား တားဆီးထိန်းချုပ်ရန်အတွက် စီမံဆောင်ရွက်ရာမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများ ဘေးကင်းမှုနှင့် လုံခြုံရေးပြည့်ပြည့်ဝဝရရှိစေရန်အတွက် လုံခြုံရေးအဖွဲ့အစည်းများ အင်အားထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ၊ မျိုးဆက်သစ်လူငယ်များအား ဖမ်းဆီးရမိတဲ့ တရားမဝင်တင်သွင်းလာတဲ့ စားသုံးရန်မသင့်တဲ့ လက်ရှိ Power Point မှာ ဖော်ပြထားတဲ့ အစားအစာများ၊ ဆေးဝါးများ သုံးစွဲရေးမပြုရန်အတွက် တားဆီးကာကွယ်ခြင်းနှင့် ကျန်းမာရေး အပြည့်အဝရရှိရန် အသိပညာပေးခြင်းလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်မေးမြန်းမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးဆောင်လမ်းညွှန်မှု၊ တာဝန်ပေးချက်နှင့်အညီ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ဖွဲ့စည်းပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နယ်စပ်လမ်းကြောင်းများမှ ကုန်သွယ်မှုများတွင် တရားမဝင်ကုန်ပစ္စည်းများ၊ ဆေးဝါးများ တင်သွင်းနေမှုကို စနစ်တကျစိစစ်ဖော်ထုတ်အရေးယူလျက်ရှိကြောင်း သိရှိရပါတယ်။

**မူကြမ်း**

Mobile Team များရဲ့ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက် တရားမဝင်ကုန်သွယ်မှု အတိုင်းအတာတစ်ခုအထိ လျော့နည်းကျဆင်းလာမှုရှိခြင်း၊ အခွန်ဘဏ္ဍာငွေများ ပိုမိုတိုးတက်ရရှိခြင်း တွေ့ရတဲ့အပြင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် မတ်လအထိ ဖမ်းဆီးရမိတဲ့အမှု ၆၁၈၁ မှု စုစုပေါင်း ၃၅ ဘီလီယံကျပ်ခန့် ဖမ်းဆီးရမိခဲ့ခြင်း၊ ဖမ်းဆီး ရမိတဲ့တရားမဝင်ကုန်ပစ္စည်းများတွင် အများပြည်သူ စားသုံးရန်မသင့်တဲ့ကုန်ပစ္စည်းအမှု ၅၀ မှု တန်ဖိုး ၁၄ ဘီလီယံကျပ်ခန့် ဖမ်းဆီးဖျက်ဆီးရကြောင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကုန်သွယ်မှု ပမာဏ US Dollar ၂၈.၁ ဘီလီယံအထိရောက်ရှိခဲ့ကြောင်း သိရှိရပါတယ်။ Mobile Team များအနေ နဲ့ ပြည်သူလူထုနဲ့ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခဲ့သော်လည်း Mobile Team တာဝန်ထမ်းဆောင် နေတဲ့ ဝန်ထမ်းတွေကို တရားမဝင်ကုန်သွယ်မှုပြုလုပ်သူများက နည်းမျိုးစုံနဲ့ မမှန်မကန်စွပ်စွဲပြောဆို ခြင်း၊ ပုဂ္ဂိုလ်ရေး၊ လူမှုရေးတိုက်ခိုက်ခြင်း၊ နယ်စပ်ကုန်သွယ်ရေး၊ ဆိပ်ကမ်း၊ လေဆိပ်အသီးသီးတွင် တာဝန်ထမ်းဆောင်သူများရဲ့ အသက်အန္တရာယ်ကိုပါ ထိခိုက်အောင်ဆောင်ရွက်မှုများ ဥပမာ- နယ်စပ် ဂိတ်မှာ တာဝန်အရ စစ်ဆေးရန်ရပ်ခိုင်းတဲ့ယာဉ်များအနက် တရားမဝင်ပစ္စည်းသယ်ဆောင်လာတဲ့ အချို့ယာဉ်တွေဟာ Mobile Team စစ်ဆေးသူများကို တိမ်းရှောင်ခြင်းမပြုဘဲ ယာဉ်ဖြင့်တိုက်၍ မောင်းနှင်ထွက်ပြေးခြင်း၊ ဂိတ်များအနီး ဒေသလုပ်မိုင်းများဖြင့် ဖောက်ခွဲရန်ကြိုးစားခြင်း၊ လက်နက် ငယ်များဖြင့် ပစ်ခတ်ရန်ကြိုးစားခြင်း စသည့်လုပ်ရပ်များဖြစ်ပေါ်နေကြောင်း ကြားသိနေရပါတယ်။

သို့ပါ၍ ပြည်ထောင်စုအစိုးရမှ Mobile Team အဖွဲ့များမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများရဲ့ အသက်ဘေးအန္တရာယ် ကာကွယ်နိုင်ရန်အတွက် လုံခြုံရေးအဖွဲ့အစည်းများ ထပ်မံ တိုးချဲ့ဖွဲ့စည်းခြင်း၊ အများပြည်သူစားသုံးရန်မသင့်တဲ့ အစားအစာတွေ၊ တရားမဝင်ကုန်ပစ္စည်းများ စားသုံးခြင်းဖြင့် စားသုံးသူများ ကျန်းမာရေးထိခိုက်နိုင်တဲ့အတွက် နိုင်ငံတော်ကနေ ဦးဆောင် ဆောင်ရွက်ကြမည့် အနာဂတ်မျိုးဆက်သစ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုအပြည့်အဝ ရရှိစေရန် အဆိုပါအစားအသောက်များ၊ ဆေးဝါးများသုံးစွဲခြင်းမပြုနိုင်ရန်အတွက် တရားမဝင် ကုန်သွယ်မှုပြုလုပ်ခြင်း၊ ကျန်းမာရေးထိခိုက်မည့် အစားအသောက်များ၊ ဆေးဝါးများ တင်သွင်းမှု တားဆီးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမရှိစေရန်အတွက် ဆောင်ရွက်ခြင်း၊ နိုင်ငံတော်တစ်ဝှမ်းရှိ စျေးများ မှာ အဆိုပါ ပစ္စည်းများ ဖြန့်ဖြူးမှုမရှိစေရန်အတွက် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် စစ်ဆေးနိုင်ရန် အဖွဲ့ များ ဖွဲ့စည်းတာဝန်ပေးအပ်ကာ တိတိကျကျစစ်ဆေးပြီး ထိရောက်ဟန့်တားကာကွယ်နိုင်ရန် ရုပ်မြင် သံကြား၊ စာနယ်ဇင်း၊ စာသင်ကျောင်းများတွင် ယနေ့ လူငယ်များ ပညာပေးဟောပြောမှုများ

**မူကြမ်း**

ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းများ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ယခုလိုတင်ပြခွင့်ရတဲ့အတွက် ဂုဏ် ယူပါကြောင်း ပြောကြားလိုပါတယ်။ Mobile Team အဖွဲ့များနဲ့ တရားမဝင်ကုန်သွယ်မှုထိရောက်ဟန့်တား တားဆီးထိန်းချုပ်ရန်အတွက် ဆောင်ရွက်ရာမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများ ဘေးကင်းမှုနှင့် လုံခြုံရေးပြည့်ပြည့်ဝဝရရှိရေးအတွက် လုံခြုံရေးအဖွဲ့အစည်းများ ထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်ပြီး တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို အမိန့်ကြော်ငြာစာအမှတ်(၉၇/၂၀၁၂)အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင် ၃၃ ဦးနဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ကုန်သွယ်မှုလမ်းကြောင်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းပတ်ဝန်းကျင်များ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ကမ်းရိုးတန်းသွားဆိပ်ကမ်းများနှင့် လေဆိပ်များမှာ Mobile Team များ ဖွဲ့စည်းတာဝန်ချထားပြီးတော့ စီမံချက်များရေးဆွဲပြီး တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ Mobile Team အဖွဲ့ရဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးနှင့်စားသုံးသူအကာအကွယ်ပေးရေး၊ လုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက်လည်းပဲ Standard Operation Procedure များ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ Mobile Team လုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့များအပြင် UMFCCI နဲ့ မီဒီယာများ ပါဝင်ဆောင်ရွက်ထားရှိပြီးလည်း ဖြစ်ပါတယ်။

**မူကြမ်း**

Mobile Team အဖွဲ့များရဲ့ လုံခြုံရေးအပြည့်အဝရရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဖွဲ့ဝင်အရာရှိ ၂၇ ဦး၊ အခြားအဆင့် ၉၈ ဦး စုစုပေါင်း ၁၂၅ ဦးကို နေရာဒေသအခြေအနေအလိုက် ဖြန့်ခွဲတာဝန်ပေးအပ်ထားပြီးဖြစ်ရာ Mobile Team အဖွဲ့များ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ နေရာ ဒေသအခြေအနေများအတွက် လုံလောက်မှုမှုရှိနေပါတယ်။ ဒါ့အပြင် မိုင်းယုနှင့် မိုင်းယောင်းအကြား မြဝတီချောင်းကူးတံတားအနီးမှာ Mobile Team အဖွဲ့ထားရှိရေးနှင့်ပတ်သက်ပြီး နယ်မြေခံရဲတပ်ဖွဲ့ များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ တပ်မတော်အင်အားများပါ ပူးပေါင်းဆောင်ရွက်မှသာ လုံခြုံရေး အရ ပိုမိုကောင်းမွန်မှာဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှတင်ပြမှုအပေါ်မှာ ကာကွယ်ရေးဝန်ကြီး ဌာနမှ တရားမဝင်ကုန်သွယ်မှုများ တားဆီးရန်တာဝန်ချထားမယ့်ဝန်ထမ်းများရဲ့ လုံခြုံရေးကို စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဖမ်းဆီးရမိတဲ့ တရားမဝင်တင်သွင်းလာတဲ့၊ စားသုံးရန်မသင့်တဲ့အစားအစာတွေ၊ ဆေးဝါးတွေ သုံးစွဲခြင်းမပြုရန်နှင့် ကျန်းမာရေးအပြည့်အဝရရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကိစ္စနှင့်ပတ်သက်ပြီး စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀/၂၀၁၄)ဖြင့် ထုတ်ပြန် ခဲ့ပြီး စားသုံးသူရေးရာနှင့်ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စားသုံးသူအကာ အကွယ်ပေးရေးဗဟိုကော်မတီကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှာဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကိုလည်း ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ မှာ ဖွဲ့စည်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသန်းမြင့် မေးသလိုပါပဲ။ ကျွန်တော်တို့ နယ်စပ်ဒေသတွေ ကနေပြီး တရားမဝင်ကုန်သွယ်မှုက အင်မတန်မှကြောက်ဖို့လည်း ကောင်းပါတယ်။ ဆန်အတုကအစ ဝင်ပါတယ်။ ကြက်ဥအတုတွေဝင်ပါတယ်။ ထိုကဲ့သို့ပဲ အရက်အတု၊ ဆေးဝါးအတု၊ ဓာတ်မြေသြဇာ အတု၊ ပိုးသတ်ဆေးအတုများကို နည်းမျိုးမျိုးနဲ့ ပုံစံအသွယ်သွယ်နဲ့ ဝင်လာခြင်းလည်း ဖြစ်ပါတယ်။ ဒီ့အတွက်လည်းပဲ အခုလို စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ရခြင်း ဖြစ်ပါ တယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်မှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနဖွဲ့စည်းထားပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း

ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်းပဲ တိုင်းနှင့်ပြည်နယ် ဒေသအသီးသီးကို သွားရောက်ပြီးတော့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံကျတဲ့ စာသင်ကျောင်းတွေမှာလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ဟောပြောပွဲများကျင်းပပြီး ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဈေးရောင်းချသူများကို ပညာပေးဆောင်ရွက်လျက်ရှိတဲ့အပြင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ကျောင်းသူကျောင်းသားများနှင့် လူငယ်လူရွယ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လိုက်နာနိုင်စေရန်အတွက်လည်း စားသုံးကုန်၊ လူသုံးကုန်များအား ကွင်းဆင်းစစ်ဆေးပေးခြင်း၊ ပညာပေးဟောပြောမှုများ၊ လက်ကမ်းစာစောင်များဖြင့် ဖြန့်ဝေခြင်းများ အသိပညာပေးဆောင်ရွက်လျက်ရှိပါတယ်။

မနေ့ကပဲ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှာ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဓာတ်မြေသြဇာပိုးသတ်ဆေးများ တရားမဝင် ဝင်ရောက်မှုနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရန်အတွက် အစည်းအဝေးကျင်းပခဲ့ခြင်းလည်းဖြစ်ပါတယ်။ Mobile Team အဖွဲ့များဟာ တရားမဝင်ကုန်သွယ်မှုတားဆီးရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် အိမ်နီးချင်းနိုင်ငံတွေကနေပြီး တရားမဝင်တင်သွင်းဝင်ရောက်လာတဲ့ စားသောက်ကုန်ပစ္စည်းတွေ၊ အိမ်သုံးဆေးဝါးတွေ (စိုက်ပျိုးရေးသုံးပိုးသတ်ဆေးပစ္စည်းတွေအပါအဝင်)ကို ထိရောက်တဲ့ဟန့်တားမှုများ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာဌာနများမှ ခွင့်ပြုထောက်ခံချက်မပါရှိတဲ့ အစားအသောက်တွေ၊ အိမ်သုံးဆေးဝါးတွေကို မီးရှို့ဖျက်ဆီးခြင်း၊ မြေမြှုပ်ဖျက်ဆီးခြင်းနှင့် လမ်းကြိတ်စက်ဖြင့် နင်းကြိတ်ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် မတ်လအထိ အကောက်ခွန်အမှုတွဲ ၅၀၁ မှု ခန့်မှန်းတန်ဖိုး ၁၃၇၅.၆၇၇ သန်းရှိခဲ့ပြီးတော့ ဖျက်ဆီးဆောင်ရွက်ခဲ့မှုဖြစ်စဉ်များအား လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် Mobile Team အဖွဲ့များမှ သတင်းမီဒီယာအဖွဲ့အစည်းကိုပါ စောစောကပြောသလို အဖွဲ့ဝင်အဖြစ်ထည့်သွင်းထားရှိခဲ့ရာ နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များ၊ ရုပ်မြင်သံကြားများမှာ ဓာတ်ပုံမှန်တမ်းနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ထည့်သွင်းဖော်ပြ အသိပညာဖြန့်ဖြူးပေးလျက်ရှိပါတယ်ခင်ဗျား။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ပြည်သူများလက်ဝယ်ကို ဖြန့်ဖြူးရောင်းချရန် တင်သွင်းလာတဲ့စားသောက်ကုန်ပစ္စည်းများအား အန္တရာယ်ကင်းရှင်းမှုရှိ/မရှိ သိရှိရန်အတွက်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှာလည်း ရုံးများဖွင့်လှစ်ပြီး

တော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်နမူနာကောက်ယူစစ်ဆေးခြင်းကို ၂၀၁၂ ခုနှစ်မှာ ၃၂၁ ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ၂၅၄ ကြိမ်၊ ၂၀၁၄ ခုနှစ်မှာ ၄၄၆၉ ကြိမ်၊ ၂၀၁၅ ခုနှစ် ဧပြီလအထိ ၁၄၂၁ ကြိမ် ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ဝန်ထမ်းများတိုးချဲ့ခန့်အပ်ပြီးတဲ့နောက် ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် ဈေးကွက်နမူနာကောက်ယူစစ်ဆေးခြင်းကို ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိတဲ့အပြင် အသိပညာပေးခြင်းများကို ရုပ်မြင်သံကြား မီဒီယာများမှာ ဖော်ပြထုတ်လွှင့်လျက်ရှိပါတယ်။ လာမည့်ကျောင်းဖွင့်ရာသီမှာလည်း ယခင်စာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သော စာသင်ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်မှာဖြစ်ပြီးတော့ ကျောင်းများမှာလည်း ပညာပေးအစီအစဉ်များကိုလည်း တစ်ပါတည်း ထည့်သွင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျောင်းများမှာ ကျောင်းကျန်းမာရေးသတင်းပတ်လုပ်ငန်းများမှာ တစ်နိုင်ငံလုံးတစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိတဲ့အတွက် မိမိတို့ကျောင်းများမှာရှိတဲ့ မုန့်ဈေးတန်းမှာ တားမြစ်ထားသောအစားအစာများကို မရောင်းချရန် လိုက်လံစစ်ဆေးခြင်းဖြင့် အာဟာရနှင့်ပတ်သက်သော ဟောပြောပွဲများပြုလုပ်ခြင်း၊ အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ကျန်းမာရေးနှင့်သက်ဆိုင် တဲ့ပညာပေးအစီအစဉ်များ၊ ဆရာဝန်ကြီးများနှင့် တွေ့ဆုံမေးမြန်းခန်းများ၊ ကျန်းမာရေးဦးစီးဌာနမှ အခါအားလျော်စွာ ပေးပို့လာတဲ့ သတင်းများ၊ ကြေညာချက်များ၊ TV Sport များ၊ Public Service Announcement များကို မြန်မာ့ရုပ်မြင်သံကြားသတင်းအစီအစဉ်၊ Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုမှ စဉ်ဆက်မပြတ်ထုတ်လွှင့်ပေးလျက်ရှိပြီး ဆက်လက်ပြီးတော့လည်း ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ တရားမဝင်တင်သွင်းလာတဲ့ စားသုံးရန်မသင့်သော အစားအစာများ၊ ဆေးဝါးများ သုံးစွဲခြင်းမပြုရန်နှင့်စပ်လျဉ်းပြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားမိဘများနှင့် ဆက်သွယ်မေးမြန်းချက်များကို ဆွေးနွေးခန်းအစီအစဉ်မှ မကြာခဏထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ထုတ်လွှင့်ပေးဖို့အစီအမံများ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနမှ အများပြည်သူသုံးစွဲခြင်းမပြုရန် အသိပေး ကြေညာချက်များကို မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများမှာ ဖော်ပြပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်မှာ ပြည်ပဆေး ၂၃ မျိုး၊ စားသောက်ကုန် ၃၁ မျိုး၊ သောက်ရေသန့် လေးမျိုးတို့ကိုလည်းကောင်း၊ ၂၀၁၅

ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၂၀ ရက်နေ့အထိ ပြည်ပဆေး ၄၂ မျိုး၊ ပြည်တွင်းဆေး ရှစ်မျိုး၊ စားသောက်ကုန် ၃၇ မျိုး၊ သောက်ရေသန့် ၇၃ မျိုးတို့ကို အများပြည်သူစားသုံးရန်မသင့်ကြောင်း ဖော်ပြခဲ့ပြီး ပညာပေးဆောင်းပါးများကို ရေးသားဖော်ပြပေးခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ စားသုံးသူကာကွယ်ရေးဥပဒေတွေလည်း ပြဋ္ဌာန်းပေးပြီးဖြစ်ပါတယ်။ ဥပဒေတွေနဲ့ ဘယ်လိုပဲကာကွယ်စောင့်ရှောက်ပေးနေပေမယ့်လည်း စားသုံးသူများဘက်ကလည်းပဲ အသိပညာရရှိဖို့ လိုပါတယ်။ သတိမမူမိဖို့လည်း လိုပါတယ်။ မိမိကိုယ်ကို မိမိ သမ္မာအာဇီဝ၊ မိမိရဲ့အသက်ကို မိမိ မှန်မှန်ကန်ကန်မွေးမြူစောင့်ရှောက်တတ်ဖို့လည်း လိုမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါကြောင့်မို့လို့ ပညာပေးမှုများကိုလည်းပဲ စဉ်ဆက်မပြတ်လေး ခဏခဏလေး ပေးပေးမယ်ဆိုရင် ကျေးဇူးအများကြီးတင်ပါတယ်။ သက်ဆိုင်ရာဖြေကြားချက်ကို ဖြေကြားပြီးတဲ့ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးပါ။ မိုက်ပေးပါ။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)နှင့်အညီ တစ်ဆက်တစ်စပ်တည်း မေးခွန်းတစ်ခု မေးမြန်းခွင့်ပြုရန် တင်ပြပါတယ်။ တရား မဝင်ကုန်ပစ္စည်းများကို လက်ရှိဆောင်ရွက်နေတဲ့အခြေအနေကို ရှင်းလင်းပြတဲ့ ပြည်ထောင်စုဝန်ကြီး ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် လက်ရှိတစ်ပြည်လုံးအနှံ့ တရားမဝင်တင်သွင်းနေတဲ့ပစ္စည်းနှင့်အတူ ပြည်သူလူထုစားသုံးရန်မသင့်တဲ့အစားအစာတွေ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့များမှာ တွေ့ရှိနေရဆဲဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ တရားမဝင်တင်သွင်းလာတဲ့ကုန်ပစ္စည်းတွေကို လက်ရှိဆောင်ရွက်မှုထက် ပိုမိုပြီးတော့ ဥပဒေနဲ့အညီတိတိကျကျ ဟန့်တားတားဆီးပိတ်ပင်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်မှုကို အဆိုပါအဖွဲ့မှသုံးသပ်ပြီး နိုင်ငံတော်အကျိုး၊ နိုင်ငံသားများအကျိုးနဲ့ နိုင်ငံသားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေရန်အတွက် အစီအမံအသစ်များ၊ နည်းလမ်းအသစ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ထပ်မံမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ကျွန်တော်တို့အနေနဲ့ ဆက်လက်ဆောင်ရွက်မယ့် အစီအမံတွေချထားပြီးလည်း ဖြစ်ပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့လည်း နောင်သီးခြားတင်ပြပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီမြို့နယ်ရှိ တနင်္သာရီအောက်ကင်းရေလမ်းဖြတ်တံတားအား ပြန်လည်မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်ရှိ တနင်္သာရီအောက်ကင်းရေလမ်းဖြတ်တံတားအား ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယင်းသို့မေးမြန်းခြင်းအကြောင်းအရင်းမှာ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်တွင် ၁၃၆၀ ပေ x ၁၀ ပေ x ၁၀ပေခွဲရှိအပေါ်ထည်ဘေလီ အောက်ထည်သံကူကွန်ကရစ်အုတ်မြစ်သံကူကွန်ကရစ်လွန်းတူးပိုင်နဲ့ ရေတွင်းဝေ့တံတားတစ်စင်းကို ၁၉၉၉-၂၀၀၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ခွင့်ပြုအလေးချိန် မော်တော်ယာဉ် HS-20-44၊ (၃၆) တန်၊ ယာဉ်တစ်စီးချခွင့်ပြုတန် (၂၄) တန် သွားလာနိုင်သည့်တံတားကို အခုအချိန်တွင် တံတားမှာကျိုးအက်ပျက်စီးနေသည့်အပြင် ပူးတွဲပါပုံအတိုင်း ယာဉ်ကြီးများမတန်တဆဖြတ်သန်းသွားလာနေပြီး ပေါက်ပြဲနေသည့်နေရာများကို ဖာထေးပြုပြင်ခြင်းလည်းမရှိသဖြင့် ခရီးသွားပြည်သူများအတွက် အလွန်အန္တရာယ်ကြီးမားလှသည့် တစ်ခုတည်းသော ရေလမ်းဖြတ်တံတားဖြစ်ပါတယ်။ သို့ပါ၍ တနင်္သာရီမြို့ ဒေသခံများမှ အဆိုပါတံတားကို မော်တော်ကားများဖြင့် ဖြတ်သန်းသွားလာနေထိုင်ရဖို့အတွက် အမြဲတမ်းစိုးရိမ်ကြောင့်ကြနေရပြီး နိုင်ငံတော်မှ ပြန်လည်ပြင်ဆင်ပေးစေလိုသည့် ဆန္ဒရှိကြောင်းကို တင်ပြလာခဲ့ပါသည်။ သို့ပါ၍ အဆိုပါတနင်္သာရီတံတားအား ပြန်လည်ပြင်ဆင်မွမ်းမံပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါသည်။ ပြုပြင်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြုပြင်ပေးပါမည်နည်း။ မရှိဟုဆိုပါက အဘယ်ကြောင့်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်တင်တင်ရီမှ မေးမြန်းထားတဲ့ တနင်္သာရီမြို့နယ်မှာရှိတဲ့၊ တနင်္သာရီအောက်ကင်းရေလမ်းဖြတ်တံတားအား ပြန်လည်မွမ်းမံပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ပြုပြင်ပေးရန်အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုပြင်ပေးပါမည်နည်း၊ မရှိပါက အဘယ်ကြောင့်ကို သိလိုခြင်းနှင့်ပတ်သက်တဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလမ်းမကြီးဖြစ်တဲ့ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းဖြစ်ပါတယ်။ အဲဒီလမ်းပေါ်မှာရှိတဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ မြိတ်-တနင်္သာရီအပိုင်းရဲ့ တနင်္သာရီမြို့အဝင်မှာရှိတဲ့ ဒီတနင်္သာရီတံတားကို ၁-၆-၁၉၉၉ ရက်နေ့က စတင်ပြီးတော့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ တည်ဆောက်ပြီးတဲ့အခါမှာ ဘယ်အချိန်မှာပြီးသလဲဆိုရင် ကျွန်တော်တို့ ၁၂-၁၁-၂၀၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့တာဖြစ်ပါတယ်။ ဒီတံတားကို တည်ဆောက်စဉ်အခါတုန်းက Foundation ကို သံကူကွန်ကရစ်နဲ့ ရေတွင်းဝွေ (Well Foundation) ဆိုပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ Foundation ကိုတော့ ကျွန်တော်တို့ နှစ်လမ်းသွားတည်ဆောက်ခဲ့တာဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲဒီအချိန်ကာလတုန်းက တံတားကြီးကိုအမြန်ပြီးစီးပြီး ပြည်သူတွေအမြန်ဆုံး အသုံးပြုနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ အပေါ်မှာ သံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ခြင်းဘဲနဲ့ ဘေလီတံတားကို တင်ခဲ့တာဖြစ်ပါတယ်။ ဘေလီတံတားတင်ခဲ့တဲ့အတွက် ဘေလီတံတားရဲ့အကျယ်က ၁၂ ပေ ၄ လက်မဖြစ်ပြီးတော့ တစ်လမ်းသွားတံတားအဖြစ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဘေလီတံတားတည်ဆောက်တဲ့အတွက် အပေါ်မှာလည်းပဲ သစ်သားကြမ်းခင်းများ ခင်းထားရတာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပြီးတဲ့အခါမှာလည်းပဲ ဘေလီတံတားကို အလေးချိန်ပိုမိုဖြတ်သန်းနိုင်ရန်အတွက် (၂၄) တန် ဖြတ်သန်းနိုင်တဲ့ အဆင့်ရောက်အောင် ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီတံတားကိုလည်းပဲ

ကျွန်တော်တို့က အဆင့်လိုက် ပြန်လည်ပြုပြင်ပြီး သံကူတံတားအဖြစ်ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ အခုချိန်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ တံတားများကို ဒီလိုပဲ ဘေလီတံတားတင်ခဲ့တဲ့အဆင့်ကနေပြီးတော့ တဖြည်းဖြည်း RC တံတားများအဖြစ် RC တံတားကြမ်းခင်းများ ပြုပြင်တဲ့အခါမှာ အခုချိန်မှာ ပုလောတံတားကြီးကို ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ဒါကိုလည်းပဲ ဆက်လက်ပြီးတော့ ဒီတနင်္သာရီတံတားကို Exim Bank နှင့်ညှိနှိုင်းပြီးတော့ ဒါကိုလည်းပဲ RC တံတားအဖြစ် ၂၀၁၅-၂၀၁၆ မှာ ပြင်ဆင်ပေးဖို့အတွက် စီစဉ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော် ဒီ Power Point မှာ တင်ပြထားတဲ့အတိုင်း တံတားရဲ့အောက်ခြေတွေဟာ RC နဲ့လုပ်ထားတဲ့ နှစ်လမ်းသွားအဆင့်ဖြစ်ပါတယ်။ အရေးပေါ် ဒီဟာကို ဘေလီနဲ့တင်ပြီးတော့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ ပျက်စီးနေတဲ့ကြမ်းခင်းတွေကို ၂-၆- ၂၀၁၅ ဆိုတော့ (မနေ့က) ရိုက်ထားတဲ့ ပုံဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ အတတ်နိုင်ဆုံး ပြုပြင်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီအပြင် ဒီတံတားကိုလည်းပဲ မကြာတော့တဲ့ကာလအတွင်းမှာ RC တံတားအဖြစ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် ငွေကြေးလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည်ကို သိရှိခြင်းရှိ/မရှိ သိရှိပါက ထိုကဲ့သို့ဖြစ်နေခြင်းသည် ကောင်းမွန်မှုရှိ/မရှိနှင့် မရှိပါက မည်ကဲ့သို့ပြုပြင်ဆောင်ရွက်မည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးကိုဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းဖြစ်ပါတယ်။ ဘဏ်နှင့်ငွေကြေးကော်မတီဝင် တစ်ဦးလည်းဖြစ်ပါတယ်။ ကမ္ဘာ့ငွေကြေးဈေးကွက်မှာ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ငွေးကြေးဈေးနှုန်းများ ကျဆင်းနေတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ မြန်မာ့ငွေကြေးဈေးကွက်မှာ မြန်မာကျပ်ငွေတန်းဖိုးကျဆင်းနေတာကို ၂၀၁၅ ခုနှစ်၊ မတ်လကနေပြီး တော့ မေလကုန်အထိ ငွေလဲနှုန်းမှာ တစ်ဒေါ်လာကို ၁၀၂၀၊ ၁၀၃၀ ရှိခဲ့ရနေပြီးတော့ ၁၁၂၀၊ ၁၁၃၀ ထိအောင် ဖြစ်ပေါ်နေခဲ့တာကို တွေ့ရှိရပါတယ်။ ကာလတိုအတွင်းမှာ မြန်မာကျပ်ငွေဈေးနှုန်းဟာ ကမ္ဘာ့နိုင်ငံများရဲ့ ငွေကြေးကျဆင်းမှုနှုန်းနဲ့ နှိုင်းဆမယ်ဆိုရင် မြင့်မားနေတယ်လို့ ယူဆမိပါတယ်။

အကျိုးဆက်အနေနဲ့ ငွေကြေးဖောင်ပွမှု ဖြစ်ပေါ်လာပြီးတော့ ကုန်စျေးနှုန်းများကြီးမြင့်လာမည်ကို ပြည်သူများ စိုးရိမ်ပူပန်နေကြပါတယ်။ ဒုတိယအကျိုးဆက်ကတော့ မြန်မာ့ငွေကြေးစျေးကွက်မှာ ငွေလဲနှုန်းကိုကြည့်လိုက်မယ်ဆိုရင် ဗဟိုဘဏ်ရဲ့ ရည်ညွှန်းငွေလဲစျေးနှုန်းဟာ တစ်မျိုး၊ ငွေလဲကောင်တာများက လက်တွေ့ငွေလဲပေးတဲ့နေရာမှာ စျေးနှုန်းဟာတစ်မျိုး၊ ပို့ကုန်သွင်းကုန်လောကရဲ့ Hundi ငွေလဲလှယ်နှုန်းက တစ်မျိုး အမျိုးမျိုးဖြစ်ပေါ်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းကို ဗဟိုဘဏ်ကနေ ဖြေကြားပေးနိုင်ပါရန် မေးမြန်းရခြင်းဖြစ်ပါတယ်။ (က) မြန်မာနိုင်ငံမှာ ငွေလဲလှယ်နှုန်းအမျိုးမျိုး ဖြစ်နေတာကို သိရှိခြင်းရှိ/မရှိ။ (ခ) သိရှိပါက ထိုကဲ့သို့ ဖြစ်နေခြင်းသည် ကောင်းမွန်မှုရှိ/မရှိနဲ့ မရှိပါက မည်ကဲ့သို့ ပြုပြင်ဆောင်ရွက်မည်ကိုသိရှိလိုပါကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေးမြန်းတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဆက်အောင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသန်းဝင်းမေးထားတဲ့ ငွေကြေးလဲလှယ်နှုန်းအမျိုးမျိုး ဖြစ်နေတာနဲ့ ပတ်သက်တဲ့မေးခွန်းကို ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ် အစွေ့ပိုင်းမှာ Multiple Exchange Rates ဆိုတဲ့ ငွေကြေးလဲလှယ်မှုနှုန်း အမျိုးမျိုးဖြစ်တဲ့ ပြဿနာအများကြီးပိုဆိုးတဲ့ ပြဿနာတွေရှိခဲ့ပါတယ်။ အဲဒီအချိန်တုန်းက တရားဝင် ငွေလဲလှယ်နှုန်းက ၆ ကျပ်ဖြစ်ပါတယ်။ ဒါ့အပြင် တရားမဝင်ငွေလဲလှယ်နှုန်းဇကက ၁၀၀၀ ပတ်ဝန်းကျင်မှာ ရှိခဲ့ပါတယ်။ FEC Rates ဆိုတာလည်းရှိခဲ့ပါတယ်။ နောက်ပြီးတော့ အဲဒီတုန်းက တရားဝင်လည်းမဟုတ်၊ တရားမဝင်လည်း မဟုတ်တဲ့စျေးနှုန်း။ ဥပမာဆိုလို့ရှိရင် ဒီအကောက်ခွန်ဌာနကနေပြီးတော့ အကောက်ကိုတွက်ချက်တဲ့အခါမှာ သုံးတဲ့စျေးနှုန်းဆိုတာတစ်မျိုး၊ နောက်ပြီးတော့ CMP အထည်ချုပ်စက်ရုံတွေက ငွေကြေးလဲလှယ်နှုန်းသုံးတဲ့အခါမှာ ငွေကြေးလဲလှယ်နှုန်းက တစ်မျိုး အဲဒါမျိုး ငွေကြေးလဲလှယ်နှုန်းအမျိုးမျိုး ကြုံတွေ့ခဲ့ရပါတယ်။ အဲဒါကြောင့်မို့လို့ ၂၀၁၂ ခုနှစ်၊ ဧပြီလကစပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နဲ့ပူးပေါင်းပြီးတော့ ဒီ Multiple Exchange Rates ပြဿနာကို ဖြေရှင်းဖို့ လုပ်ခဲ့ပါတယ်။ အဲဒီလို ဖြေရှင်းဖို့လုပ်တဲ့အခါမှာ နိုင်ငံခြားငွေလေလံ

စျေးကွက်ဆိုတဲ့ Foreign Exchange Option ကို ဗဟိုဘဏ်မှာ စတင်လုပ်ခဲ့ပါတယ်။ နောက်ပြီးတော့နှုန်းရှင်နိုင်ငံခြား ဝင်ငွေလဲလှယ်နှုန်းစနစ် (Management Float Exchange Rate System) ကို ကျင့်သုံးခဲ့ပါတယ်။ အဲဒီလိုကျင့်သုံးပြီးတဲ့နောက်ပိုင်းမှာ မြန်မာနိုင်ငံဗဟိုဘဏ်ကနေပြီးတော့ Foreign Exchange Option ကို နှစ်စဉ်ဗဟိုဘဏ်မှာ လုပ်ခဲ့ပါတယ်။ နောက်ပြီးတော့ Foreign Exchange Option ကနေပြီးတော့ ရည်ညွှန်းငွေလဲလှယ်နှုန်းဆိုတဲ့ Reference Rate ကိုနေ့စဉ် ထုတ်ပြန်ခဲ့ပါတယ်။ ဒီရည်ညွှန်းငွေလဲလှယ်နှုန်း (Reference Rates) ထုတ်ပြန်တဲ့အခါမှာ ဒီ Reference Rates ကို Refer လုပ်ရန်သာဖြစ်ပြီးတော့ ပြင်ပပေါက်စျေးများအနေနဲ့ ယင်းနှုန်းနှင့် ထပ်တူထပ်မျှတူစရာမလိုပါဘူးခင်ဗျား။ ဒါပေမယ့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်များနှင့် ငွေလဲကောင်တာများက ဒေါ်လာစျေးကစားမှာစိုးရိမ်တဲ့အတွက် ဒီ ကျွန်တော်တို့ရဲ့ Reference Rates ရဲ့ Plus or Minus 0.8 တစ်ဆက်အတွင်းမှာ ဘောင်အတွင်းမှာပဲ ရောင်းဖို့ဝယ်ဖို့ကို ထိန်းချုပ်ထားတာဖြစ်ပါတယ်။ နိုင်ငံတကာ မှာကြည့်လိုက်လို့ရှိရင်လည်း နိုင်ငံခြား ဒီ Money Changer တစ်ခုနှင့်တစ်ခု ငွေလဲလှယ်နှုန်း မတူပါဘူး။ အဲဒီလိုမတူတဲ့အခါမှာလည်း ကျွန်တော်တို့ဆီမှာဖြစ်နေသလိုပဲ တစ်ဒေါ်လာရောင်းမယ်ဆိုရင် စျေးတစ်မျိုး၊ ငါးဒေါ်လာနဲ့ ဒေါ်လာ ၂၀ တန်ရောင်းမယ်ဆိုရင် စျေးတစ်မျိုး၊ ဒေါ်လာ ၅၀ တန်နဲ့ ၁၀၀ တန်ရောင်းမယ်ဆိုရင်လည်းစျေးတစ်မျိုးဆိုတဲ့ စျေးအမျိုးမျိုးလည်း တွေ့ရှရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဘဏ်တွေကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာလိုပဲ အရွက်စျေးကတစ်မျိုး၊ နောက်ပြီးတော့ Money Transfer၊ Account Transfer စျေးကတစ်မျိုးဆိုတဲ့ ပုံစံမျိုးပဲ ဘဏ်တွေကလည်း တစ်ခုနှင့်တစ်ခုစျေးနှုန်း မတူတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီအပြင် Hotel တွေမှာလည်း Hotel တစ်ခုနှင့်တစ်ခုကို စျေးနှုန်းမတူတဲ့ စျေးနှုန်းတွေ ရောင်းချနေတာတွေရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလိုပဲ နိုင်ငံတကာမှာလည်း တရားမဝင်စျေးကွက် (Hundi)စျေးကွက်ဆိုတာလည်း ရှိနေဆဲ ဖြစ်ပါတယ်။ ဥပမာ- ကျွန်တော်တို့ တိုးတက်ပြီးသားနိုင်ငံများဖြစ်တဲ့ ဂျပန်နိုင်ငံ၊ စင်္ကာပူနိုင်ငံမှာလည်း Hundi စျေးကွက်များကို တွေ့ရှိရပါတယ်။ ၎င်းနိုင်ငံများတွင်လည်း ၎င်းတရားမဝင်စျေးကွက်များကို လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိတယ်ဆိုတာ သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုမျိုး တခြားနိုင်ငံတွေလိုပဲ ငွေလဲလှယ်နှုန်းကွာဟနေတာကိုလည်း တွေ့ရှိရပါတယ်။ တရားမဝင်ဖြစ်တဲ့ Informal Market တွေရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒီတော့ စျေးနှုန်းအမျိုးမျိုးဖြစ်နေတဲ့အချိန်မှာ တချို့အချိန်မှာတော့ ဒီစျေးနှုန်းအမျိုးမျိုးက အများကြီး

ကွာဟမှု မရှိဘဲနဲ့ တချို့အချိန်တွေမှာတော့ အနည်းငယ်ကွာဟလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဥပမာ-၂၀၁၂ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်းမှာ ဗဟိုဘဏ်ရဲ့ပျမ်းမျှရည်ညွှန်းငွေလဲလှယ်နှုန်း ပြင်ပမှဈေးကွက် ပျမ်းမျှငွေလဲလှယ်နှုန်းအကြား ကွာဟချက်က ၀.၀၁ ရာခိုင်နှုန်းကနေပြီးတော့ ၁.၅၉ ရာခိုင်နှုန်းအတွင်း သာရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့စီးပွားရေးကပ်ဆိုက်တဲ့အချိန်မှာ အမေရိကန်နိုင်ငံအပါအဝင် တော်တော်များများနိုင်ငံတွေက စီးပွားရေးကပ်ဒဏ်ကြောင့် တော်တော်လေးကို စီးပွားရေးအခြေအနေဆိုးရွားခဲ့တာရှိပါတယ်။ အဲဒီအချိန်မှာ အမေရိကန်နိုင်ငံက စီးပွားရေးတွေကျပြီးတော့ ငွေကြေးဖောင်းပွမှုဖြစ်တဲ့ Inflation တွေက သုညရာခိုင်နှုန်းနီးပါးခန့်ကို ကျခဲ့တာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများသိတဲ့အတိုင်းပဲ Inflation ဆိုတာက တက်တာလည်း မကောင်းပါဘူး။ ကျတာလည်းမကောင်းပါဘူး။ ဒါပေမယ့် Inflation တက်တာထက်စာလို့ရှိရင် Inflation ကျလွန်းတာက ပိုပြီးတော့ ဆိုးရွားစေပါတယ်။ အဲဒါကြောင့်မို့လို့ အမေရိကန်နိုင်ငံက ဒီ Inflation တက်အောင်လို့ ဆိုပြီးတော့ Inflation ၂ ရာခိုင်နှုန်းဖြစ်ရမယ်ဆိုပြီးတော့ Target ထားပြီးတော့ QE လို့ခေါ်တဲ့ Quantitative Easing ဆိုတဲ့နည်းစနစ်ကို သုံးပြီးတော့ Bond တွေကိုအများကြီး ဈေးကွက်ထဲကနေ ဝယ်ယူခဲ့ပါတယ်။ တစ်လတစ်လကို Bond ဝယ်ယူခဲ့တဲ့ပမာဏပေါင်းက ၈၀ ဘီလီယံဒေါ်လာ တန်ဖိုးလောက်ဝယ်ယူခဲ့တာ နှစ်ပေါင်းမြောက်များစွာဝယ်ယူခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၄ ခုနှစ်ကစပြီးတော့ အမေရိကန်ရဲ့ Inflation Rate က တစ်ရာခိုင်နှုန်းကျော်ကျော်လောက် တက်လာပါတယ်။ စီးပွားရေးကလည်း အနည်းငယ်တက်လာပါတယ်။ အဲဒါကြောင့်မို့လို့ ဒီ American Central Bank ကနေပြီးတော့ သူတို့တွေက ဒီ Bond ဝယ်ယူမှုတွေကို တဖြည်းဖြည်းနဲ့ လျှော့ချပြီးတော့ နောက်ဆုံး ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ ဒီ Bond ဝယ်ယူမှုတွေကို ရပ်ခဲ့ပါတယ်။ အဲဒီ ဂယက်တွေက မြန်မာတစ်နိုင်ငံတင်မကဘဲနဲ့ တကမ္ဘာလုံးမှာ ဒီဂယက်တွေက အများကြီးရှိခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ဒေသတွင်း နိုင်ငံများကလည်း US Dollar နဲ့ယှဉ်လိုက်မယ်ဆိုရင် ၎င်းတို့ရဲ့ငွေကြေးများဟာ အများကြီးပြုတ်ကျလာတာ တွေ့ရှိရပါတယ်။ ဥပမာ- စင်္ကာပူနိုင်ငံရဲ့ ငွေကြေးဟာ စက်တင်ဘာလကနေပြီးတော့ မေလအထိ ကျွန်တော်တို့ မြန်မာနိုင်ငံမှာစပြီးတော့ ငွေကြေးတွေ အများကြီးကျလာတာ ၂၀၁၄ ခုနှစ် စက်တင်ဘာမှာစပြီးတော့ ကျလာတာတွေ့ရှိရပါတယ်။ စက်တင်ဘာလကနေပြီးတော့ မေလအထိမှာ စင်္ကာပူငွေကြေးဟာ ၆.၆ ရာခိုင်နှုန်းကျခဲ့ပါတယ်။ အင်ဒိုနီးရှားငွေကြေးက ၁၂.၅ ရာခိုင်နှုန်း ကျခဲ့ပါတယ်။ မလေးရှားငွေကြေးက ၁၃.၅ ရာခိုင်နှုန်း ကျခဲ့ပါတယ်။ ဂျပန်ငွေကြေးက အဲဒီကာလမှာ ၁၈ ရာခိုင်နှုန်းကျခဲ့ပါတယ်။ ယူရိုကတော့ အဲဒီကာလမှာ

၁၉ ရာခိုင်နှုန်းကျခဲ့တာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံနဲ့ ယူရိုကတော့ တမင်တကာကို ငွေကြေးကိုပျော့အောင်လို့ သူတို့နည်းမျိုးစုံနဲ့ လုပ်ခဲ့တာကို တွေ့ရှိရပါတယ်။ ဂျပန်နိုင်ငံက Abenomics ဆိုတဲ့နည်းနဲ့ ငွေကြေးကို ပျော့အောင်လို့လုပ်ပြီးတော့ ယူရိုနိုင်ငံကလည်း အလားတူပဲ နောက်ဆုံးကျတော့မှ ဒီငွေကြေးကို ပျော့လာအောင်လို့ QE ဆိုတဲ့ Quantitative Easing ကို သုံးပြီးတော့ ပြုလုပ်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ၎င်းကာလအတွင်းမှာ ရည်ညွှန်းငွေလဲလှယ်နှုန်းက လအလိုက် ပျမ်းမျှအားဖြင့် ၀.၁၈ ရာခိုင်နှုန်းကနေ ၃.၅၁ ရာခိုင်နှုန်းအထိ ကွာဟလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အခုပြောနေတဲ့ ၁၁၃၀ ရှိတယ်၊ ၁၁၄၀ ရှိတယ်ဆိုတဲ့အချက်တွေက ဒါကျွန်တော်တို့ Norminal Value ကို ပြောနေခြင်း ဖြစ်ပါတယ်။ ဒီငွေကြေးလဲလှယ်နှုန်းကို ကြည့်တဲ့အခါမှာ ကျွန်တော်တို့ Norminal Value တင်မကဘဲနဲ့ ကျွန်တော်တို့ Inflation Adjust လုပ်ထားတဲ့ Real Value ကိုပါကြည့်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ Exchange Rate တစ်ခုသည် တကယ်တမ်းကျနေသလား၊ တက်နေသလားဆိုတာ Norminal Value ကို ကြည့်ရုံနဲ့မရပါဘူး။ ကျွန်တော်တို့ Real Value ကို ကြည့်ရမှာ ဖြစ်ပါတယ်။ Real Value ကတော့ Inflation Adjust လုပ်ထားတာဖြစ်ပါတယ်။ အဲဒီတော့ Real Value ကိုကြည့်တဲ့ အချိန်တွေမှာ REER လို့ခေါ်တဲ့ Real Effective Exchange Rate ကို တွက်ရတာဖြစ်ပါတယ်။ အဲဒီတော့ စိတ်ဝင်စားဖို့ကောင်းတာတစ်ခုကတော့ အခုလောလောဆယ်မှာ မြန်မာနိုင်ငံရဲ့ငွေကြေးဟာ Norminal Value အရကျနေတာတွေ့ရပေမယ့် Real Value အရ ကြည့်လိုက်တဲ့အချိန်မှာ ကျဆင်းမှုမရှိတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ လက်ရှိကျနေတဲ့ငွေကြေးဟာ ကျသင့်သလား၊ မကျသင့်ဘူးလား၊ ဘယ်လောက်ထိကျသင့်သလဲဆိုတဲ့ တွက်ချက်မှုတွေ အမြဲတမ်းလုပ်နေပါတယ်။ ထို့အပြင် ဒီတရားမဝင်ဈေးကွက်ဖြစ်တဲ့ Informal Market များလျော့ပါးရန်နှင့် နောက် နိုင်ငံခြားငွေဈေးနှုန်းတစ်ခုနှင့်တစ်ခု များစွာကွာဟမှုမရှိစေရန် ငွေကြေးမူဝါဒနည်းဖြင့်သော် လည်းကောင်း၊ တိုက်ရိုက်စွက်ဖက်သည့် Direct Intervention နည်းဖြင့်သော်လည်းကောင်း ပြုလုပ်၍ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**မူကြမ်း**

**မာန်အောင်မြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းဘဏ်ခွဲ သို့မဟုတ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဘဏ်ခွဲနှင့် အခြားပုဂ္ဂလိကဘဏ်ခွဲတစ်ခုခု ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့တင်ပြမေးမြန်းမယ့်မေးခွန်းကတော့ မာန်အောင်မြို့နယ်ထဲမှာ မြန်မာ့စီးပွားရေးဘဏ်ခွဲတစ်ခုပဲ ရှိပါတယ်။ အဲဒါ လစာငွေများ၊ ဘဏ်စုငွေများ၊ ပင်စင်များအပြင် တင်ဒါစနစ်နဲ့ အခုတည်ဆောက်နေတဲ့ ကုမ္ပဏီများမှာ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ ကျောင်းများအပြင် မြို့တော်ခန်းမ၊ သင်္ဘောဆိပ်ခံတံတားနဲ့ ဌာနဆိုင်ရာအဆောက်အဦများပါ ဆောက်လုပ်နေကြပါတယ်။ အဲဒီဘဏ်ခွဲတစ်ခုတည်းနဲ့ မနိုင်မနင်းဖြစ်နေတာကို လက်တွေ့မြင်ခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ မာန်အောင်မြို့တွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်ခွဲ သို့မဟုတ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဘဏ်ခွဲ သို့မဟုတ် အခြားပုဂ္ဂလိကဘဏ်တစ်ခုခု ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီးတော့ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး ဖြစ်ပါတယ်ရှင်။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ရဲ့မေးခွန်းဖြစ်တဲ့ မာန်အောင်မြို့မှာ မွေးမြူရေး၊ ရေလုပ်ငန်းဘဏ်ခွဲ သို့မဟုတ် လယ်ယာစိုက်ပျိုးရေး

နှင့်ဆည်မြောင်းဘဏ်ခွဲနဲ့ အခြားပုဂ္ဂလိကဘဏ်ခွဲတစ်ခုခု ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းကို တင်ပြဖြေကြားသွားပါမယ်ရှင်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ပေါင်းစပ်ညှိနှိုင်းဖြေကြားထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီမေးခွန်းကို ကျွန်မ အပိုင်းသုံးပိုင်းနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမအပိုင်းကတော့ မွေးမြူရေး၊ ရေလုပ်ငန်းဘဏ်ခွဲနဲ့ စပ်လျဉ်းတဲ့အပိုင်းဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ကွပ်ကဲမှုအောက်မှာရှိတဲ့ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်က နေပြည်တော်မှာ ဘဏ်ရုံးချုပ်နဲ့ ဘဏ်ခွဲတစ်ခု၊ ရန်ကုန်မြို့မှာ ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ပြီးတော့ ဘဏ်လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မှာ ဘဏ်ခွဲတစ်ခု၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ မန္တလေးဘဏ်ခွဲတစ်ခုတို့ကို ဖွင့်လှစ်ဖို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ ရုံးစိုက်ရာမြို့များမှာ ဖွင့်လှစ်နိုင်ဖို့ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဟာ လတ်တလောမှာတော့ မာန်အောင်မြို့မှာ ဘဏ်ခွဲဖွင့်လှစ်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ဘဏ်ခွဲနဲ့စပ်လျဉ်းတဲ့အပိုင်း ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့မှာ မြို့နယ်ဘဏ်ခွဲတစ်ခု ဖွင့်လှစ်ထားရှိပြီးတော့ ချေးငွေလုပ်ငန်း၊ စုဆောင်းမှုအပ်ငွေလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်အဆက်ဆက် မာန်အောင်မြို့နယ်မှာ ချေးငွေလုပ်ငန်းများ ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ မိုးချေးငွေအဖြစ် ကျေးရွာအုပ်စု ၃၈ အုပ်စုမှ တောင်သူလယ်သမားပေါင်း ၆၂၉၃ ဦးကို ချေးငွေကျပ် ၂၃၈၀ သန်းနဲ့ ၂၀၁၄ ဆောင်းချေးငွေအဖြစ် ကျေးရွာအုပ်စု ၃၁ အုပ်စုမှ တောင်သူလယ်သမားပေါင်း ၁၁၉၅ ဦးကို ချေးငွေကျပ် ၂၃၀.၀၂ သန်း ထုတ်ချေးပြီးဖြစ်ပါတယ်။ လယ်သမားများရဲ့ ငွေစုဆောင်းအပ်နှံရေးလုပ်ငန်းမှာလည်း ငွေစုဆောင်းသူ ၁၁၈၇၇ ဦးရဲ့ စုဆောင်းအပ်နှံငွေပေါင်း ကျပ် ၂၈.၈၆ သန်းရှိပြီးတော့ ငွေသွင်း/ငွေထုတ်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းလုပ်ငန်းကိုသာ အဓိကထားဆောင်ရွက်

ခြင်းဖြစ်တာမို့လို့ ဖွင့်လှစ်ဆောင်ရွက်ထားပြီးဖြစ်တဲ့ ဘဏ်ခွဲတစ်ခုနဲ့ပင် လုံလောက်မှုရှိပါတယ်လို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ရှင်းလင်းဖြေကြားထားပါကြောင်း တင်ပြအပ်ပါတယ်။

တတိယပိုင်းအနေနဲ့ အခြားပုဂ္ဂလိကဘဏ်ခွဲတစ်ခုခု ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ အပိုင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များကို မေးမြန်းတဲ့အခါမှာ ပုဂ္ဂလိကဘဏ်များအနက်မှ သမဝါယမဘဏ်လီမိတက်က မာန်အောင်မြို့နယ်မှာ ဘဏ်ခွဲသစ်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်က အခြားဘဏ်များ ဖွင့်လှစ်ထားခြင်း မရှိပါက ဘဏ်ခွဲဖွင့်လှစ်ရန် အစီအစဉ်ရှိပါကြောင်း၊ မြန်မာ့အသေးစားငွေရေးကြေးရေးဘဏ်လီမိတက်က ယခုဖွင့်လှစ်ရန် အစီအစဉ်မရှိသေးသော်လည်း နောင်တွင်ဖွင့်လှစ်ရန် အစီအစဉ်ရှိပါကြောင်း၊ ကမ္ဘောဇဘဏ်လီမိတက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာ ဘဏ်ခွဲကြီးအသစ်တစ်ခုဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်းနဲ့ ကျန်ပုဂ္ဂလိကဘဏ်များကတော့ လောလောဆယ်မှာ ဘဏ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားထားတယ်ဆိုတဲ့အကြောင်းကို ကျွန်မ တင်ပြအပ်ပါတယ်။ ဗဟိုဘဏ်ဟာ ပုဂ္ဂလိကဘဏ်များ မြို့ကြီးပြကြီးတွေမှာ ဘဏ်ခွဲများ စုပြုံဖွင့်လှစ်ခြင်းမပြုလုပ်ဘဲနဲ့ ကျေးလက်ပြည်သူများနဲ့နီးစပ်တဲ့ မြို့ငယ်များ၊ ဝေးလံတဲ့နယ်စပ်ဒေသမြို့များ စသည်တို့မှာ ဘဏ်ခွဲများ ဖွင့်လှစ်ဆောင်ရွက်ကြဖို့ ကျွန်မတို့ အစဉ်တစိုက် တိုက်တွန်းအားပေးလျက်ရှိပါတယ်။ ယခု ရခိုင်ပြည်နယ်၊ မာန်အောင်မြို့မှာ ဘဏ်ခွဲဖွင့်လှစ်ဖို့ စီစဉ်လျက်ရှိကြောင်း၊ အစီအစဉ်ရှိတယ်ဆိုတဲ့အကြောင်း ဖြေကြားထားတဲ့ ပုဂ္ဂလိကဘဏ်တွေကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ ဗဟိုဘဏ်အနေနဲ့ တိုက်တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မန်တုံမြို့နယ်အရှေ့ဘက်ခြမ်းရှိ နမ့်ဟိုင်းဒေသ၊ နောင်ဆန်းကျေးရွာအုပ်စု၊ နားလေကျေးရွာမှ နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာသို့ (၁၀)မိုင်ကွာဝေးသော ခရိုင်ချင်းဆက်လမ်းကို ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအိုက်မုန်း(မန်တုံမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံ

မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မုန်း ဖြစ်ပါတယ်။ မန်တုံမြို့ရဲ့အရှေ့ဘက်ခြမ်း နမ့်ဟိုင်းဒေသသို့သွားလိုပါက ၃၇ မိုင်ကွာဝေးသော နမ္မတူမြို့နယ်သို့ အရင်သွားပြီးမှ နမ္မတူမြို့မှ ၂၈ မိုင်ကွာဝေးသော နမ့်ဟိုင်းဒေသသို့ ပြန်သွားရပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် မန်တုံ အရှေ့ဘက်ခြမ်း နမ့်ဟိုင်းအပါအဝင် ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာပေါင်း ၇၅ ရွာမှ ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်ဖွံ့ဖြိုးမှု လွန်စွာနောက်ကျကျန်ရစ်ခဲ့ပါတယ်။ နမ့်ဟိုင်းဒေသရှိ ပြည်သူများသည် ရှမ်းပြည်မြောက်ပိုင်း အဓိကခရိုင်မြို့ဖြစ်သော လားရှိုးမြို့သို့ သွားလိုပါက ၂၈ မိုင်ဝေးသော နမ္မတူမြို့ကိုဖြတ်ပြီး ၎င်းမြို့မှတစ်ဆင့် ၄၄ မိုင်ကွာဝေးသော လားရှိုးမြို့သို့ ၇၅ မိုင်သွားမှ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ နမ္မတူမြို့နယ် မိုင်ရင်ကျေးရွာမှ လားရှိုးမြို့သို့ ၂၈ မိုင်ခန့်ကွာဝေးကာ အဆိုပါလမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနလမ်းဖြစ်ပြီး ယခုအခါ လမ်းအထူး(၁) မှ ကတ္တရာလမ်းအဖြစ် ခင်းလျက်ရှိပါတယ်။ အဆိုပါမိုင်ရင်ကျေးရွာသို့ မန်တုံမြို့နယ် နောင်ဆန်းကျေးရွာအုပ်စု၊ နားလေကျေးရွာအုပ်စု ၁၀မိုင်ခန့်ကွာဝေးသော ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်နိုင်ပါက မန်တုံမြို့နယ်အရှေ့ဘက်ခြမ်းဒေသဖြစ်သော ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာပေါင်း ၇၅ ရွာ၊ လူဦးရေ ၁၂၈၆၇ ဦးတို့မှ ၃၈ မိုင်သာဝေးသော လားရှိုးမြို့သို့ ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါတယ်။ မန်တုံမြို့နယ် နားလေကျေးရွာနဲ့ နမ္မတူမြို့နယ် မိုင်ရင်ကျေးရွာ ဆက်သွယ်၍ ဖောက်လုပ်လိုသောလမ်းမှာ ၁၀ မိုင်ခန့်ရှိပါတယ်။ အဆိုပါလမ်းဖောက်လုပ်ပြီးပါက မန်တုံမြို့နယ် အရှေ့ဘက်ခြမ်းဒေသမှ ပြည်သူများ ယခုသွားလာနေရသော ၇၀ မိုင်အစား ၃၈ မိုင်တည်းဖြင့် လားရှိုးမြို့သို့ သွားရောက်နိုင်မည်ဖြစ်ပါတယ်။ ၃၄ မိုင်ခရီး သက်သာသည့်အပြင် မန်တုံမြို့နယ်နဲ့ နမ္မတူမြို့နယ်မှ ဒေသခံပြည်သူများ၏ လူမှုစီးပွားပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။ ယခုအခါ အဆိုပါလမ်းကို ဒေသခံပြည်သူများ ဖြတ်လမ်းအနေဖြင့် သွားလာအသုံးပြုလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မန်တုံမြို့နယ်အရှေ့ဘက်ခြမ်းရှိ နမ့်ဟိုင်းဒေသ၊ နောင်ဆန်းကျေးရွာအုပ်စု နားလေကျေးရွာမှ နမ္မတူမြို့နယ် မိုင်းရင်ကျေးရွာသို့ ၁၀ မိုင်ကွာဝေးသော ခရိုင်ချင်းဆက်လမ်းကို ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမဝါယမဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မုန်း မေးမြန်းတဲ့မေးခွန်း နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန်တုံမြို့နယ်အရှေ့ဘက်ခြမ်းမှာရှိတဲ့ နမ့်ဟိုင်းဒေသ၊ နောင်ဆန်းကျေးရွာ အုပ်စု၊ နားလေကျေးရွာမှ နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာကို ၁၀ မိုင်ကွာဝေးတဲ့ ခရိုင်ချင်းဆက်လမ်းကို ဖောက်လုပ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်မှာ စတင်ဖောက်လုပ် နိုင်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီး မန်တုံမြို့နယ်အတွင်းမှာရှိတဲ့ နောင်ဆန်းအုပ်စု၊ နားလေ ကျေးရွာဟာ နမ္မတူ-မိုင်းဝီး ဆက်သွယ်တဲ့ ပြည်သူ့ဆောက်လုပ်ရေးလမ်းပေါ်မှာ တည်ရှိပြီးတော့ နားလေကျေးရွာကနေပြီးတော့ နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာကို ဆက်သွယ်သွားလာနိုင်မယ့် နားလေ-နားဟိုင်း- မိုင်းရင်ကျေးရွာချင်းဆက်တဲ့ လမ်းအရှည် ၁၀ မိုင်ကို မြေသားလမ်းဖောက်လုပ်ခြင်းနဲ့ ၎င်းလမ်းပေါ်မှာ နမ္မတူချောင်းကူး ကွန်ကရစ်တံတား ၂၀၀ ပေ တစ်စင်း၊ ၃၀ ပေ ကွန်ကရစ်တံတား နှစ်စင်းနဲ့ Box Culvert ၂၀ စင်း ဆောက်လုပ်ရန်လိုအပ်မှာဖြစ်ပါတယ်။ ၎င်းနားလေ-နားဟိုင်း-မိုင်းရင် လမ်းဖောက်လုပ်မည်ဆိုလို့ရှိရင် မန်တုံမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာ ၇၅ ရွာ၊ အိမ်ခြေ ၂၅၇၅ အိမ်နဲ့ လူဦးရေ ၁၂၈၆၂ ဦး၊ နမ္မတူမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ အုပ်စုနှစ်စု၊ ကျေးရွာ ၁၆ ရွာနဲ့ အိမ်ခြေ ၁၀၀၀၊ လူဦးရေ ၄၅၀၇ ဦးကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

အဆိုပါ ကျေးရွာချင်းဆက် (၁၀)မိုင်လမ်းကို မြေသားလမ်းဖောက်လုပ်ခြင်းအတွက် ခန့်မှန်း ကုန်ကျစရိတ်ဟာ ကျပ်သန်း ၁၅၀ သန်းဖြစ်ပါတယ်။ နမ္မတူချောင်းကူးကွန်ကရစ်တံတား ၂၀၀ ပေ တစ်စင်းကို တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၂၀၀ ဖြစ်ပါတယ်။ ၃၀ ပေ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေဟာ ငွေကျပ် ၆၀ သန်းဖြစ်ပါ တယ်။ Box Culvert ၂၀ စင်း တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေဟာ ၃၇.၅၀ သန်း ဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ခန့်မှန်းကုန်ကျငွေဟာ ၄၄၇.၅၀ သန်း ကုန်ကျမည်ဖြစ်ပြီးတော့ ခွင့်ပြု ရန်ပုံငွေရရှိလို့ရှိရင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုတင်ပြပြီးတော့ ခွင့်ပြုရန်ပုံငွေ

ရရှိမှုအပေါ် မူတည်ပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်း မေးမြန်းဖြေကြားခြင်းကို ဒီနေရာမှာ ရပ်ပါမယ်။ ဒီမေးခွန်းကို နောက်နေ့မှ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည် ပြု၍ပေးပို့လာသော မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းကို ၁၄-၅-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီ အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီး များနှင့် လေ့လာရေးအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား ကော်မတီဥက္ကဋ္ဌကြီး၏ တာဝန်ပေးအပ်ချက်အရ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

**မူကြမ်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က တင်သွင်းသော မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ၁၉-၃-၂၀၁၅ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၁၃-၅-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၁၄ ခုနှစ်၊ ဇွန်လတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် 82th Annual ICOLD Meeting (International Commission on Large Dams-ICOLD) တွင် (၉၇)နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ တမံကြီးများဆိုင်ရာ စူးစမ်းလေ့လာမှု၊ ဒီဇိုင်း၊ တည်ဆောက်မှုနှင့်စပ်လျဉ်း၍ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဤဥပဒေကြမ်းကို ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၈-၅-၂၀၁၅ ရက်နေ့နှင့် ၂၈-၅-၂၀၁၅ ရက်နေ့များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း(၁၂)ခန်းနှင့် အပိုဒ်ပေါင်း(၃၇)ခုပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၂၈) ချက်ကို သဘောတူလက်ခံပါသည်။

(၃) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို ဒေသတွင်းအဖွဲ့ခွဲများဆိုသည်မှာ မြန်မာနိုင်ငံတွင် အနည်းဆုံး ကော်မတီအဖွဲ့ဝင်(၁၅)ဦးရှိသော ဒေသတွင်းများတွင် ဖွဲ့စည်းထားသည့် အဖွဲ့ခွဲများကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်ဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ရှိ ဗဟိုကော်မတီဆိုသည့် စကားရပ်ကို ကော်မတီဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင်ပါရှိသော ဗဟိုကော်မတီဆိုသည့် စကားရပ်များကို ကော်မတီဟု အသီးသီး ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၇) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၉ ၊ အပိုဒ် ၁၀ နှင့် အပိုဒ် ၁၂ တို့ရှိ အင်္ဂလိပ်ဝေါဟာရများကို ပယ်ဖျက်ပါသည်။

(၈) အပိုဒ် ၃ အပိုဒ်ခွဲ(ခ)ရှိ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တမံများနှင့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းစသည့် ဆိုသည့်စကားရပ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တမံများနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအပါအဝင် အခြားလုပ်ငန်းများဟု ပြင်ဆင်ပါသည်။

(၉) အခန်း(၃) အပိုဒ် ၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၅။ ဝန်ကြီးဌာနသည် ခုနစ်ဦးထက် မပိုသော ကော်မတီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ခ) ပြည်ထောင်စု ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

(ဂ) ပြည်ထောင်စု ဒုတိယဝန်ကြီး
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊

(ဃ) ဝါရင့်ပညာရှင်များ

(၁၀) အပိုဒ် ၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**မူကြမ်း**

၆။ နာယကအဖွဲ့သည် -

(က) ကော်မတီ၏ ပထမအကြိမ် အထွေထွေညီလာခံကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

(ခ) ပုဒ်မခွဲ(က)အရ ကျင်းပသည့် အထွေထွေညီလာခံတွင် စုစုပေါင်း အဖွဲ့ဝင်(၄၅)ဦးထက်မပိုသော ဦးရေဖြင့် ကော်မတီကို ဖွဲ့စည်းရမည်။

(၁၁) အပိုဒ် ၆ အပိုဒ်ခွဲ(က)နှင့်(ခ)ကို ပယ်ဖျက်ပါသည်။

(၁၂) အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇။ ကော်မတီဝင်များသည် မိမိတို့ကော်မတီဝင်များထဲမှ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အလုပ်အမှုဆောင်ကော်မတီကို စုစုပေါင်း အဖွဲ့ဝင်(၁၅) ဦးဖြင့် အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည် -

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ | (၁) ဦး |
| (ခ) | ဒုတိယဥက္ကဋ္ဌ | (၂) ဦး |
| (ဂ) | အတွင်းရေးမှူး | (၁) ဦး |
| (ဃ) | တွဲဖက်အတွင်းရေးမှူး | (၂) ဦး |
| (င) | ဘဏ္ဍာရေးမှူး | (၁) ဦး |
| (စ) | စာရင်းစစ် | (၁) ဦး |
| (ဆ) | အလုပ်အမှုဆောင်အဖွဲ့ဝင် | (၇) ဦး |

(၁၃) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

(၁၄) အပိုဒ် ၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈။ နာယကအဖွဲ့သည် ကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီတို့ကို လိုအပ်သည့်လမ်းညွှန်မှုများ ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည်။

**မူကြမ်း**

(၁၅) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၀။ ကော်မတီ၏ အထွေထွေညီလာခံကို နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပ၍ ကော်မတီအသစ်ကို ဖွဲ့စည်းရမည်။

၁၁။ ကော်မတီသည် အောက်ပါလုပ်ငန်းများအပေါ် တာဝန်ခံရမည် -

(၁၆) အပိုဒ် ၈ အပိုဒ်ခွဲ(ဃ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(ဃ) နာယကအဖွဲ့အသစ်ကို ဖွဲ့စည်းခြင်း၊

(၁၇) အပိုဒ် ၉ ရှိ ကော်မတီ၏ ရုံးချုပ်ကို ရန်ကုန်မြို့တွင်ထားရှိ၍ နိုင်ငံတစ်ဝှမ်းလုံးတွင် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဟူသော စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၈) အခန်း(၄) ခေါင်းစဉ်ကို အဖွဲ့ခွဲများ ဖွဲ့စည်းခြင်းဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၁၃ ရှိ လိုအပ်သောဆိုသည့် စကားရပ်ရှေ့တွင် တမံများနှင့်သက်ဆိုင်သည့် ဟူသော စကားရပ်ကို ဖြည့်စွက်ပါသည်။

(၂၀) အခန်း(၅) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(ဂ) နိုင်ငံတော်က တည်ဆောက်ဆဲ၊ တည်ဆောက်မည့် တမံကြီးများ စီမံကိန်းများကို ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ စူးစမ်းလေ့လာမှုအပိုင်း၊ ဒီဇိုင်းစနစ် ချမှတ်မှုအပိုင်း၊ အသေးစိတ် ဒီဇိုင်းပုံစံထုတ်လုပ်မှုအပိုင်း၊ တည်ဆောက်အကောင်အထည်ဖော်မှုအပိုင်းတို့ကို စိစစ်ခြင်း၊ ထောက်ခံအကြံပြုချက်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏ တည်ဆောက်ပြီး တမံစီမံကိန်းကြီးများကို ကော်မတီက ကြံ့ခိုင်မှု စစ်ဆေးခြင်း ဆက်စပ်လုပ်ငန်းများနှင့် ရေအားအဆောက်အအုံများအား လည်ပတ်အသုံးချမှု၊ ထိန်းသိမ်းထားရှိမှုတို့ကို စစ်ဆေးခြင်း၊ အကြံပြုထောက်ခံချက်ပေးခြင်း၊

**မူကြမ်း**

(၂၁) အပိုဒ် ၁၅ အပိုဒ်ခွဲ(ည)ရှိ သုတေသနတွေ့ရှိချက်များဆိုသည့် စကားရပ်ကို သုတေသနတွေ့ရှိချက်များနှင့် ပညာရပ်ဆိုင်ရာစာစောင်များဟု ပြင်ဆင်ပါသည်။

(၂၂) အခန်း(၆)ခေါင်းစဉ်ကို ကော်မတီအဖွဲ့ဝင်များ၏ တာဝန်နှင့်အခွင့်အရေးများဟု ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၁၆ နှင့် အပိုဒ် ၂၀ တို့ရှိ အဖွဲ့ဝင်များဆိုသည့် စကားရပ်ကို ကော်မတီအဖွဲ့ဝင်များဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဃ)ရှိ အဖွဲ့ဝင်များသည် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၅) အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)ရှိ အဖွဲ့ဝင်များမှအပဖြစ်သော အဖွဲ့ဝင်များဆိုသည့်စကားရပ်ကို အဖွဲ့ဝင်များမှအပ ကျန်အဖွဲ့ဝင်များဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ရှိ စီမံခန့်ခွဲမှု စသည့်ဟူသောစကားရပ်ကို စီမံခန့်ခွဲမှုဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဂ)ရှိ အခြားကော်မတီ ဆိုသည့်စကားရပ်ကို မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ပါသည်။

(၂၉) အပိုဒ် ၁၉ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁) ၊(၂)၊ (၃) နှင့် (၄) တို့ကို အပိုဒ် ၂၂ အပိုဒ်ခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့အဖြစ် ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၂၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၃။ ကော်မတီ၏ အထွေထွေညီလာခံအစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ကော်မတီက ခေါ်ယူကျင်းပရမည်ဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၂၀၊ ၂၂ နှင့် ၃၀ တို့ရှိ အထွေထွေညီလာခံဟူသော စကားရပ်ကို ကော်မတီ၏ အထွေထွေညီလာခံဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၂၄ ရှိ ကော်မတီ၏ အမြဲတမ်း ဦးဆောင်အဖွဲ့အစည်းဖြစ်သည်ဆိုသည့် စကားရပ်ကို ကော်မတီ၏ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၃) အပိုဒ် ၂၅ အပိုဒ်ခွဲ(က)ရှိ စာဖြင့်တင်ပြရမည်ဟူသော စကားရပ်ကို စာဖြင့်တင်ပြ၍ နုတ်ထွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၅ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၆) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(၆) ကွယ်လွန်ခြင်း

(၃၅) အပိုဒ် ၂၆ ရှိ ဝင်ငွေများဟူသော စကားရပ်၏ရှေ့တွင် တမံကြီးများနှင့်သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာဆောင်ရွက်မှုလုပ်ငန်းများမှ ရရှိသည့်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(၃၆) အပိုဒ် ၂၆ အပိုဒ်ခွဲ(ခ)ရှိ ပြည်ထောင်စုရန်ပုံငွေဟူသော စကားရပ်ကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဟု ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၂၆ အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(ဂ) ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည်။

(၃၈) အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)ရှိ ကော်မတီဝန်ထမ်းများဟူသော စကားရပ်ကို ကော်မတီရုံး ဝန်ထမ်းများဟု ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၂၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၂။ (က) အဖွဲ့ခွဲများသည် ဗဟိုကော်မတီက သတ်မှတ်အတည်ပြုထားသည့် ဘဏ္ဍာရေးနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေးနှင့် ငွေစာရင်းကို စီမံခန့်ခွဲရမည်။

(ခ) အဖွဲ့ခွဲတစ်ခုခုကို ဖျက်သိမ်းလျှင် သို့မဟုတ် ဖျက်သိမ်းရန်ရှိလျှင် ၎င်း၏ ပုံသေပိုင်ပစ္စည်းများနှင့် ဘဏ္ဍာရေးစာရင်းရှင်းတမ်းများကို တည်ဆဲ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(၄၀) အပိုဒ် ၃၁ ရှိ နိုင်ငံတော်အသိအမှတ်ပြု အဖွဲ့အစည်းအဆင့် ဆိုသည့်စကားရပ်ကို နိုင်ငံတော်ကအသိအမှတ်ပြုသည့် အဖွဲ့အစည်းအဖြစ်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၁) အပိုဒ် ၃၆ ရှိ ဗဟိုကော်မတီဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် နာယက အဖွဲ့ဝင်များသည် ဟူသောစကားရပ်ကို နာယကအဖွဲ့ဝင်များ၊ ကော်မတီဝင်များနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များသည်ဟုလည်းကောင်း၊ စရိတ်နှင့်ခံစားခွင့် ဆိုသည့်စကားရပ်ကို ချီးမြှင့်ငွေနှင့် စရိတ်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၃၆ အပိုဒ်ခွဲ(က)၊ (ခ) နှင့် (ဂ) တို့ကို ပယ်ဖျက်ပါသည်။

(၄၃) အပိုဒ် ၃၇ အပိုဒ်ခွဲ(က) နှင့် (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီနှင့်ဝန်ကြီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံ တမံကြီးများ ဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၅-၆-၂၀၁၅ ရက်(သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၃)ရက်မြောက်နေ့ဖြစ်သော ၂၃-၇-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိကြောင်းအသိပေးခြင်းနဲ့ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၉-၅-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောတူမတူတဲ့သူ ရှိပါလားခင်ဗျား။ သဘောတူမတူသူ မရှိတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့်သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၈)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၈)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၇)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**